
**(၅) ဘက်တီးရီးယားပျော့ပုပ် (Bacterial Soft rot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Erwinia carotovora* subsp. *carotovora* (Jones, 1901) Bergey et al. 1923 (*Pectobacterium carotovorum subsp. carotovorum* (Jones, 1901) Hauben et al. 1999)**

ရောဂါလက္ခဏာ

ဘက်တီးရီးယားပျော့ပုပ်၏ လက္ခဏာများမှာ ပျော့သော၊ စိုစွတ်သော၊ ပုပ်နေ သော၊ အသားရောင် သို့မဟုတ် နို့နှစ်ရောင် တစ်ရှုးများဖြစ်ပေါ်ခြင်းတို့ ဖြစ်သည်။ ပျော့ပုပ်ဖြစ်ခြင်း သည် ဥ၏အပေါ်မျက်နှာပြင်တွင် စတင်ပြီးအတွင်းပိုင်းအထိ ကြီးထွား လာသည်။ ရောဂါရှိ သော တစ်ရှုးများသည် အညိုရောင်သို့မဟုတ်အနက်ရောင် အနားသတ်များရှိသည်။ ပုပ်နေ သောတစ်ရှုးများသည် များသောအားဖြင့် ဆွေးမြေ့ခြင်း၏ အစောပိုင်းအဆင့်တွင် အနံ့မရှိ သော်လည်း နောက်ပိုင်းတွင် အနံ့ဆိုးများထွက်လာသည်။ ပျော့ပုပ်ခြင်းသည် ဒဏ်ရာရှိသော ပင်စည်နှင့် အမြစ်တို့ကိုလည်း ကူးစက်နိုင်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကို ရွေးချယ်စိုက်ပျိုးပါ။
- ရောဂါကင်းသောအာလူးမျိုးများကိုစိုက်ပျိုးပါ။

- ရေဝပ်မှုမရှိအောင်ဆောင်ရွက်ပါ။
- စိုက်ခင်းသန့်ရှင်းဆောင်ရွက်ပါ။
- ရောဂါသည် သီးနှံစိုက်ရာသီဆက်တိုက်ကျပါက ငရုတ်၊ ခရမ်းချဉ်၊ အာလူး မဟုတ်သောအခြားသီးနှံများနှင့်အလှည့်ကျစိုက်ပျိုးပါ။